**CALHOUN COUNTY, MICHIGAN**
**JOINT OPERATIONS CENTER**

*COVID-19 Unified Response*

# ချက်ချင်း ထုတ်ပြန်ချက်

ဖေဖော်ဝါရီလ ၁၈ ရက်၊ သောကြာနေ့ ၂၀၂၂

# ပြည်သူ့ကျန်းမာရေးဌာနမှ ရပ်ရွာဒေသန္တရ အမိန့်များ ပြုပြင်ချက်

ကယ်လ်ဟွန်းခရိုင် ပြည်သူ့ကျန်းမာရေးဌာန (CCPHD) သည် ခရိုင်အတွင်းကျန်ရှိနေသေးသော ကိုဗစ်-၁၉ ဆိုင်ရာ သာမာန်ပြည်သူများနှင့် သူငယ်တန်း-၁၂ တန်း ပညာသင်ကြားမှုနယ်ပယ်အတွင်း ကူးစက်ရောဂါ ကွာရန်တင်းသီးသန့်ထား ထိန်းချုပ်မှုပြုခြင်း ကျန်းမာရေးဒေသန္တရအမိန့်များအား ဖယ်ရှားခြင်းကို ဖေဖော်ဝါရီ ၂၁ ရက်မှစတင်၍ အသက်ဝင်မည်ဖြစ်ပါသည်။

မစ်ရှီဂန် ပြည်သူ့ကျန်းမာရေး ကိုဥပဒေနှင့် တည်ဆဲအုပ်ချုပ်ရေး စည်းမျဉ်းစည်းကမ်းများအရ သူငယ်တန်း-၁၂တန်းအတွင်း  ရောဂါကူးစက်မှုတွေ့ရှိရသည့် ကျောင်းသားများသည် သီးသန့်ထား ထိန်းချုပ်မှုပြုခြင်း ဒေသန္တရအမိန့်များကို ဆက်လက်၍လိုက်နာရမည်ဖြစ်သည်။

ကမ္ဘာ့ကပ်ရောဂါအခြေအနေများသည် ပြည်သူ့ကျန်းမာရေးဌာနမှ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်ခဲ့သော ဒေသန္တရအမိန့်များနှင့်ယှဉ်လျှင် သိသိသာသာပြောင်းလဲခဲ့ပြီ ဖြစ်ပါသည်။ ကယ်လ်ဟွန်း ခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှု အတိုင်းအတာအရေအတွက်သည် လွန်ခဲ့သည့် ရက်သတ္တပါတ် များထက်ပင် များစွာလျော့နည်းခဲ့ပြီးဖြစ်ကာ ဒေသန္တရကျန်းမာရေးစနစ် တင်ပြချက်တွင် ထိန်းချုပ်နိုင်စွမ်း တိုးတက်မှုရှိလာသည်ကို တွေ့မြင်ရပါသည်။ မစ်ရှီဂန်ပြည်နယ်သည် ယခုအခါတွင် ရောဂါလှိုင်း-အလွန် ကာလ သို့ဝင်ရောက်လာပြီး ပြန်လည်ထူထောင်ရေးကာလ၊ ဆိုလိုသည်မှာ ရောဂါဖြစ်ပွားမှုနှင့် ဆေးရုံတက် ကုသမှုများ လျော့နည်းလာခြင်းဖြစ်ကာ ကာကွယ်ဆေး၊ ရောဂါစစ်ဆေးမှုနှင့် ရောဂါကုသမှုအခွင့်အလမ်း များသည် ကယ်လ်ဟွန်းခရိုင်အတွင်း တိုးပွားလာခြင်းဖြစ်ပါသည်။

“ကျွန်တော်တို့ ရပ်ရွာအတွင်းမှာ ကိုဗစ်-၁၉ တွေ့ရှိနှုန်းတွေဟာ လျော့ကျလာတာ တွေ့နေရပါတယ်၊ ပြီးတော့ မြို့နယ်လူထုအလိုက် ရောဂါပြန့်ပွားနိုင်မယ့် အန္တရာယ်လက္ခဏာဟာလည်း နည်းပါးလာတယ်” ဟု ကယ်လ်ဟွန်းခရိုင် ကျန်းမာရေးအရာရှိ အဲရစ် ပက်ဆယ်လ် မှ ပြောကြားထားပါသည်။ “ဆက်လက်ပြီး ကျွန်တော်တို့ မြို့နေလူထုဟာလည်း မိမိတို့ရဲ့ ကျန်းမာရေးနဲ့ ရောဂါအန္တရာယ်အတွက် ခံနိုင်ရည်ရှိရေး အတွက် အကောင်းဆုံး ဆုံးဖြတ်နိုင်ဖို့ လိုအပ်တဲ့အရာတွေနဲ့ အသိပညာတွေရှိကြပါတယ်။ ကျွန်တော်တို့ မြို့ရွာဝန်းကျင်မှာ ကိုဗစ်-၁၉ ဆက်လက် တည်ရှိနေသရွေ့ ကျေးဇူးပြုပြီး လွန်ခဲ့တဲ့ နှစ် နှစ်တာကာလ အတွင်းမှာ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံတွေကို အခြေခံပြီးတော့ မိမိတို့ရဲ့ အိမ်၊ အလုပ်နဲ့ ရပ်ရွာအတွင်းမှာ ရောဂါအန္တရာယ်အတွက် ဆုံးဖြတ်ချက်ချတဲ့အခါတွေမှာ စဉ်းစားစေလိုပါတယ်။"

ကယ်လ်ဟွန်းခရိုင် မြို့နေလူထုသည် အနာဂါတ်တွင် အဆောက်အဦးအတွင်း မျက်နှာဖုံးအကာဝတ်ဆင်မှု ပြုခြင်း မပြုခြင်းတို့ ဆုံးဖြတ်ရာတွင် မိမိနှင့် မိသားစုဝင်များအတွက် အန္တရာယ်ဖြစ်စေနိုင်မည့် အချက်များ နှင့်  ကာကွယ်ဆေးထိုးထားမှုမှတ်တမ်းတို့အား ထည့်သွင်းစဉ်းစားစေလိုပါသည်။ နာတာရှည်ရောဂါရှိသူ များ သို့မဟုတ် ကိုယ်ခန္ဓာခုခံအား ထိခိုက်ပျက်စီးမှုရှိနေသူတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးသက်ရောက်မှုအန္တရာယ် ပိုမိုကြီးမားသည်ဖြစ်သောကြောင့် အဆောက်အဦး အတွင်း မျက်နှာဖုံးအကာဝတ်ဆင်ခြင်းမှတစ်ဆင့် ကာကွယ်မှုယူရန် လိုအပ်မှုအရှိဆုံးသူများဖြစ်ကြသည်။ အန္တရာယ်ဖြစ်စေမည့် အချက်များတွင် အသက်အရွယ်၊ ကျန်းမာရေးအခြေအနေနှင့် ကာကွယ်ဆေးထိုး မှတ်တမ်းတို့ ပါဝင်ပါသည်။

ပြုပြင်မွမ်းမံထားသည့် ညွှန်ကြားချက်များကို အများပြည်သူနှင့် ကျောင်းများအတွက် ဖော်ပြထားမည် ဖြစ်ပါသည်။

- General Population COVID-19 Quarantine and Isolation Guidance
- K-12 School COVID-19 Isolation Requirements

---

ဤ ဒေသန္တရအမိန့်များ ပြောင်းလဲခြင်းသည် ကမ္ဘာ့ကပ်ရောဂါ၏ ကူးစက်မှု-အလွန်ကာလ အခြေအနေများ နှင့် ယှဉ်တွဲ၍ ပြုပြင်ကြေညာခြင်းဖြစ်ပါသည်။

မစ်ရှီဂန်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် လူသားအရင်းအမြစ်ဌာန (MDHHS) သည် အနာဂါတ်တွင် ကိုဗစ်-၁၉ ရောဂါစက်ဝန်းအား နားလည်မှုရှိစေရန် အဆင့် သုံးဆင့် သတ်မှတ်ထုတ်ဖော်ထားပါသည်။ ၎င်း အဆင့်များမှာ -

- **တုံ့ပြန်ခြင်းအဆင့်** - မြို့နယ်နှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးသည် ရောဂါကူးစက်ပြန့်ပွားမှုအပေါ် လျင်မြန်တုံ့ပြန်မှုပြင်ဆင်ချက်အား အကောင်အထည်ဖော်ထားပါသည်။ အများပြည်သူများအား မျက်နှာဖုံးအကာ တပ်ဆင်မှု၊ ရောဂါစစ်ဆေးမှုနှင့် လူများအကြား အကွာအဝေးထား ခြားနားမှုတို့ ဆောင်ရွက်ခြင်းမြင့်မားစေရန် လမ်းညွှန်မှု ပြုလုပ်နိုင်ပါသည်။
- **ပြန်လည်ထူထောင်ခြင်းအဆင့်** -ကူးစက်မှု-အလွန်ကာလ။ ချက်ချင်း ပြန်လည်ပြန့်ပွားမှု ဖြစ်ပေါ် နိုင်ခြင်း မရှိကြောင်း ခန့်မှန်းထားသည်။ မြို့နယ်နှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးသည် အနာဂါတ် ကာလတွင် ရောဂါပြန့်ပွားမှု အလားအလာဖြစ်ပေါ် နိုင်မည့်အခြေအနေများအား စောင့်ကြည့် မှတ်သားပါမည်။
- **အသင့်ပြင်ဆင်ခြင်းအဆင့်** - ရောဂါကူးစက်ပြန့်ပွားခြင်းများဖြစ်ပေါ်လာမည်ကို မျှော်လင့်ထားပြီး ဖြစ်ပါသည်၊ ရောဂါအခြေအနေပြင်းထန်မှုနှင့် ဆေးရုံကုတင်ဆံ့မှုပမာဏများအပေါ် ပြင်းထန်သည့် သက်ရောက်မှုများလည်း ပါဝင်သည်။ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်အလားအလာများ ရှင်းလင်း ရန်အတွက် အများပြည်သူထံ ပြန်ကြားမှုလုပ်ဆောင်ချက်များ တိုးမြင့်လာမည်ဖြစ်သည်။

---

**ကယ်လ်ဟွန်းခရိုင် ပြည်သူ့ကျန်းမာရေးဌာနသည် မစ်ရှီဂန်ပြည်သူများအတွက် ကူးစက်မှုလျော့ပါးရေး အတွက် အထပ်ထပ်ကာကွယ်မှု ဗျူဟာများအသုံးပြုကြရန် ဆက်လက်၍ ညွှန်ကြားမည် ဖြစ်ပါသည်။**

• ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပါ။ မစ်ရှီဂန်ပြည်သူများသည် ၎င်းတို့၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခြင်း ပြီးမြောက်မှု ပြည့်စုံအောင်လုပ်ဆောင်သင့်ပါသည်။ ကာကွယ်ဆေးအကြောင်း ဆက်လက်သိရှိလိုသည် များကို Michigan.gov/COVIDVaccine တွင်ဝင်ရောက်ကြည့်ရှုပြီး မိမိ၏ ကာကွယ်ဆေးထိုး ပြီးစီးမှုအား လေ့လာနိုင်ပါသည်။

• ကိုဗစ်-၁၉ ရောဂါစစ်ဆေး၍ ကူးစက်ထားလျှင် ကူးစက်ခံလူနာများသည် မိမိတို့၏ ဆရာဝန်များနှင့် ဆွေးနွေးပြောဆိုသင့်ပါသည်၊ ထိုမှတစ်ဆင့် သွေးတွင်းပဋိပစ္စည်းလိုအပ်မှုရှိခြင်း သို့မဟုတ် ရောဂါကုသမှု ပြန်လည်နလန်ထူခြင်းအတွက် အကူအညီဖြစ်စေမည့် ဗိုင်းရပ်စ်ပိုးသတ်ခြင်းကုထုံးများ ပြုလုပ်နိုင်ရန်

လိုအပ်ချက်များအတွက် ကိုက်ညီမှုရှိမရှိ သိရှိနိုင်မည်ဖြစ်သည်။ Learn more about COVID-19 Therapeutics.

• သီးခြားခွဲနေခြင်းနှင့် ကွာရန်တင်းဝင်ခြင်း။ မိမိနေမကောင်းဖြစ်နေချိန် သို့မဟုတ် ကိုဗစ်-၁၉ ရောဂါ ထိတွေ့မှု လတ်တလောဖြစ်ပေါ်ထားလျှင် အခြားသူများနှင့် ဝေးရာတွင် သီးခြားနေခြင်းသည် ဗိုင်းရပ်စ် ထပ်မံ၍မပြန့်ပွားစေရန် အရေးကြီးသောကာကွယ်ရေးနည်းလမ်းဖြစ်ပါသည်။ Learn more about what happens when you have or are exposed to COVID-19.

• ရောဂါထိတွေ့မှုရှိထားလျှင် သို့မဟုတ် ရောဂါလက္ခဏာများ တွေ့မြင်ရလျှင် စစ်ဆေးမှု ပြုလုပ်ပါ။ ကိုဗစ်-၁၉ ရောဂါလက္ခဏာ သို့မဟုတ် အမှတ်အသားများ ရှိနေလျှင် ကာကွယ်ဆေးထိုးထားသည်ဖြစ်စေ ယခင်က ရောဂါကူးစက်ခဲ့ပြီးသည်ဖြစ်စေ ထပ်မံစစ်ဆေးခြင်း ပြုသင့်ပါသည်။ ရောဂါလက္ခဏာပေါ်ခြင်း သို့မဟုတ် ဗိုင်းရပ်စ်ထိတွေ့ထားမှု ဖြစ်နိုင်ခြေရှိပါက စစ်ဆေးထားလျှင် စစ်ဆေးမှုအဖြေမထွက်ခင်ကာလ အတွင်း အခြားသူများနှင့် အဝေးတွင်နေသင့်ပါသည်။ မျက်နှာဖုံးအကာဝတ်ဆင်မှု မလိုအပ်သောစုဝေးမှုများ တက်ရောက်ခြင်းမပြုခင် စစ်ဆေးခြင်းဖြင့်လည်း ကာကွယ်မှုအလွှာထပ်ဆောင်း လုပ်ဆောင်ရာ ရောက်ပါသည်။ ရောဂါစစ်ဆေးမှု ဆေးခန်းများကို Michigan.gov/CoronavirusTest တွင်ဝင်ရောက် ရှာဖွေနိုင်ပါသည်။

• မိမိကိုယ်တိုင်နှင့် အခြားသူများအပေါ် ကာကွယ်မှုဖြစ်စေရန် ထပ်ဆောင်း ကာကွယ်ရေးအဆင့်များ လုပ်ဆောင်ပါ။ အထပ်ထပ်ကာကွယ်မှု ဗျူဟာများဆိုင်ရာ ညွှန်ကြားချက်များအကြောင်း ထပ်မံသိရှိလိုလျှင် How to Protect Yourself and Others တွင်လေ့လာနိုင်ပါသည်။

• မျက်နှာဖုံးအကာတစ်ခု အခမဲ့ရယူပါ။ KN95 မျက်နှာဖုံးများအား ကယ်လ်ဟွန်းခရိုင် ရပ်ရွာအဖွဲ့အစည်းများတွင် အခမဲ့ ဖြန့်ဝေပေးနေပြီဖြစ်ပါသည်။ https://calhouncountymi.gov/covidvaccine တွင် ဝင်ရောက်၍ နေရာရွေးချယ်ရန်ရှာဖွေပါ။